(သတင်းထုတ်ပြန်ချက်)

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် (ILO) မှ ပြဌာန်းထားသော သင်္ဘောသားများ၏သက်သေခံအထောက်အထားများဆိုင်ရာကွန်ဗင်းရှင်းအမှတ်- ၁၈၅ သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ခြင်း

ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံးမှ မြန်မာအမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီး ဦးထင်လင်းသည် အပြည်ပြည် ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်(ILO) မှ ပြဌာန်းထားသော သင်္ဘောသားများ၏ သက်သေခံ အထောက် အထားများဆိုင်ရာကွန်ဗင်းရှင်းအမှတ်- ၁၈၅ သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ကြောင်း စာချွန်လွှာကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ညွှန်ကြားရေးမှူးချုပ် Mr. Guy Ryder ထံသို့ (၁၆-၁-၂၀၁၈)ရက်နေ့တွင် အပ်နှံခဲ့ပါသည်။

သင်္ဘောသားများ၏ သက်သေခံ အထောက်အထားများဆိုင်ရာ ကွန်ဗင်းရှင်းအမှတ် -၁၈၅ (Seafarers' Identity Document Convention-SID) သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်ခြင်းအားဖြင့် မြန်မာသင်္ဘောသားများသည် အခြားနိုင်ငံကုန်းပိုင်နက်တွင်း ရှိသည့် သင်္ဘောသားအကျိုးဆိုင်ရာ ဌာနများသို့ ခေတ္တသွားရောက်နိုင်ခွင့်၊ ခေတ္တကမ်းတက် ခွင့်၊ သင်္ဘော ဆိပ်ကမ်းတွင် ကပ်ထားစဉ် သက်သာချောင်ချိရေးကိစ္စများခံစားခွင့်၊ တာဝန် ထမ်းဆောင်မည့်သ င်္ဘောသို့ သွားရောက်ရာတွင် ခရီးစဉ်ကူးပြောင်းခွင့်၊ နေရပ်ပြန်ပို့ခွင့် စသည်တို့တွင် သက်ဆိုင်ရာ နိုင်ငံများ၏ ပြည်ဝင်ဗီဇာမလိုဘဲ ဆောင်ရွက်နိုင်ခွင့်၊ အရေးပေါ် ဆေးကုသရန် ဆေးခန်းနှင့်ဆေးရုံသို့ သွားရောက်နိုင်ခွင့် စသည့် အခွင့်အရေးများကို ရရှိနိုင် မည်ဖြစ်ပါသည်။

SID သည် Biometric နည်းပညာဖြင့် ပြုလုပ်ထားခြင်းဖြစ်ပြီး သင်္ဘောသားများ၏ မူရင်းနိုင်ငံမှသာ ထုတ်ပေးခွင့်ရှိသဖြင့် သင်္ဘောသားများ၏ လုပ်ငန်းခွင်အတွင်း လုံခြုံရေးနှင့် အခြေခံ အခွင့်အရေးများကိုမြှင့်တင်နိုင်မည်ဖြစ်ပါသည်။

ဖော်ပြပါစာချုပ်၏ အပိုဒ်(၁၂)၊ အပိုဒ်ခွဲ(၃)အရ စာချုပ်အား အတည်ပြုပါဝင်သည့် စာချွန်လွှာအားမှတ်ပုံတင်သည့် ရက်မှစတင်၍ (၆)လပြည့်သည့်ရက်တွင် မြန်မာနိုင်ငံအတွက် စာချုပ်စတင် အာဏာသက်ဝင်မည်ဖြစ်ပါသည်။

***************************

ကုလသမဂ္ဂဆိုင်ရာ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

**(Press Release)**

**Myanmar Ratified the Seafarers' Identity Document Convention (Revised), 2003 (No- 185)**

Permanent Representative and Ambassador Extraordinary and Plenipotentiary of the Republic of the Union of Myanmar to the United Nations Office and other International Organizations in Geneva H.E. U Htin Lynn deposited Myanmar's Instrument of Ratification on the Seafarers' Identity Document Convention (Revised), 2003 (No-185) to the Director-General of the International Labour Office H.E. Mr. Guy Ryder, on 16-1-2018.

With the ratification of the Convention on the Seafarers' Identity Document (SID), Myanmar seafarers holding the Seafarers Identity Document (SID) will enjoy temporary admission on foreign territory for the purpose of accessing onshore seafarer welfare facilities or taking shore leave, for seafarers' well-being while in port, for essential transit through a country related to the operation of ship or returning home without visa and other privileges such as hospitalization or clinical treatment in emergency.

The SID document innovated with biometric features can only be issued and verified by the seafarer's country of nationality. As a result, it will promote safety, security and basic rights of seafarers in the conduct of their profession.

In accordance with its article 12, paragraph 3, Convention No.185 comes into force for any Member six months after the date on which its ratification has been registered.

*****************************

Permanent Mission of the Republic of the Union of Myanmar, Geneva
16 January 2018.